BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR

နိုင်ငံတကာ မြန်မာသတင်းအဖွဲ့ (ဘီအဲန်အိုင်)

မြန်မာ့ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့

# ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် မိုဒယ်နှင့်ဒီဇိုင်းများ

ဒီဇင်ဘာလ၊ ၂၀၂၃

# မာတိကာ


| | |
|---|---|
| ၁ | ၁။ နိဒါန်း |
| ၄ | ၂။ သုတေသနရည်ရွယ်ချက် |
| ၅ | ၂.၁။ သုတေသနနည်းနာ |
| ၆ | ၃။ အဓိကဆွေးနွေးချက်များ |
| ၇ | ၃.၁။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအမြင်ကွဲပြားချက်များ |
| ၁၀ | ၃.၂။ အာဏာသိမ်းပြီးနောက်ပိုင်းဖက်ဒရယ်ပြည်ထောင်စုကြိုးပမ်းမှုများ |
| ၁၃ | ၄။ လေ့လာဆန်းစစ်ချက်များ |
| ၁၄ | ၄.၁။ ကရင်နီ |
| ၂၂ | ၄.၂။ ချင်း |
| ၂၄ | ၄.၃။ စစ်ကိုင်း |
| ၂၆ | ၅။ မြန်မာနိုင်ငံအတွက် သင့်တော်သည့် ဖက်ဒရယ်ပုံစံ |
| ၂၉ | ၆။ မူဝါဒရေးရာအကြံပြုချက်များနှင့်နိဂုံး |

# ၁။ နိဒါန်း

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ဆယ်စုနှစ်တခုကြာ လျှောက်လှမ်းနေသော မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ဒီမိုကရေစီအသွင်ကူပြောင်းရေးလုပ်ငန်းစဉ်များသည် ချက်ချင်းလက်ငင်း ရပ်တန့်သွားခဲ့သည်။ ထို့အပြင် "ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး" အတွက် ကြိုးပမ်းနေကြသည့် "မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်" သည်လည်း လက်တွေ့တွင် အကောင်အထည်မဖော်နိုင်တော့ဘဲ ပါဝင်ဆွေးနွေးဘက်များသည်လည်း လက်ရှိအခြေအနေများနှင့်ဆက်စပ်ပြီး အမြင်မျိုးစုံ၊ လုပ်ငန်းစဉ်မျိုးစုံ ရှိကြကာ ငြိမ်းချမ်းရေးဖြစ်စဉ် တခန်းရပ်ခဲ့ပါသည်။ တဘက်တွင်လည်း စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံအနှံအပြားတွင် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များပေါ် ပေါက်လာခဲ့ပြီး ပေါက်ပေါက်လာခဲ့သောအဖွဲ့အစည်းများမှာလူမျိုးစုအခြေပြုဖွဲ့စည်းခြင်းများ၊ဒေသအခြေပြုဖွဲ့စည်းခြင်းများ၊ အယူဝါဒအခြေပြုဖွဲ့စည်းခြင်းများနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ အမိန့်အာဏာအား အခြေပြု ဖွဲ့စည်းခြင်းများကို အဓိကတွေ့ရပါသည်။

ယခုအာဏာသိမ်းမှု၏ ထူးခြားချက်တခုမှာ ဒီမိုကရေစီအရေးတခုတည်းကိုသာ ဦးစားပေး ပြောဆိုခြင်းမဟုတ်ဘဲ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်မှုအရေး၊ လူနည်းစုအရေး၊ လူမျိုးစုအရေး အစရှိသည်တို့ကိုပါ ကျယ်ကျယ်လောင်လောင် တောင်းဆိုလာကြခြင်းဖြစ်သည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် အမျိုးသားညီညွတ်ရေးအတိုင်

ပင်ခံကောင်စီ (NUCC) တို့တွင်လည်း ဖက်ဒရယ်အရေးနှင့်ပတ်သတ်ပြီး ဝန်ကြီးဌာနများ ဖွဲ့စည်းခြင်းများ၊ အားလုံးပါဝင်ဆွေးနွေးနိုင်သည့် အခင်းအကျင်းများဖန်တီးခြင်း၊ ဖက်ဒရယ် ဒီမိုကရေစီချာတာ (Federal Democracy Charter) ရေးဆွဲခြင်းများကို ဆောင်ရွက်ခဲ့ကြ သည်။

သို့သော် အချို့သော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (EROs) များအနေ ဖြင့်အမျိုးသားညီညွတ်ရေးအစိုးရနှင့် စစ်ရေးအရသာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး နိုင်ငံရေး အရ ဆွေးနွေးမှုများ၊ ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အခင်းအကျင်းများတွင် ပါဝင်ခြင်း မပြုခဲ့ကြသည်ကိုလည်း တွေ့ရှိရပါသည်။ ဆိုလိုသည်မှာ အားလုံးလက်ခံနိုင်သော တူညီ သည့် ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေး အမြင်၊ ယူဆချက်၊ ချဉ်းကပ်ပုံများ မရှိကြ ခြင်းဖြစ်သည်။

မည်ကဲ့သို့သော ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို တည်ဆောက်မည်၊ အရင်းအမြစ်များကို မည်ကဲ့သို့ မျှဝေကြမည်၊ လူမျိုးစုအလိုက် ကိုယ်စားပြုမှုများကို မည်ကဲ့သို့ သတ်မှတ်ကြမည် စသော ဘုံသဘောတူညီချက်များမရှိကြသောကြောင့် လုပ်ငန်းစဉ်များ နှောင့်နှေးနေသည့် အပြင် အချို့သောအဖွဲ့အစည်းများအနေဖြင့် ကွန်ဖယ်ဒရေးရှင်းစနစ်အကြောင်းကိုလည်း တွင်တွင်ကျယ်ကျယ် ပြောဆိုလာခဲ့ကြပါသည်။

# ၂။ သုတေသနရည်ရွယ်ချက်

အာဏာသိမ်းပြီးနောက်ပိုင်းတွင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပတ်သတ်၍ တိုင်းနှင့်ပြည်နယ်အသီးသီးတွင် မိုဒယ်မျိုးစုံ၊ ဒီဇိုင်းမျိုးစုံဖြင့် ကြိုးပမ်းလျှက်ရှိကြပါသည်။ ယခုသုတေသနစာတမ်းသည်အာဏာသိမ်းပြီးနောက်ပိုင်း၌ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပတ်သတ်ပြီး လက်ရှိဖြစ်ပေါ်တိုးတက်မှုများနှင့် အဖွဲ့အစည်းများအကြား ဆွေးနွေးရန်ခက်ခဲနေသည့် အကြောင်းအရာများကို ဖော်ထုတ်နိုင်ရန်အတွက် ပြုလုပ်ရခြင်းဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံနှင့် သင့်တော်သည့် ဖက်ဒရယ်ဒီမိုကရေစီပုံစံကိုလည်း ဖော်ထုတ်တင်ပြရန်လည်း ရည်ရွယ်ပါသည်။ စစ်အာဏာသိမ်းမှုကို တွန်းလှန်ဆန့်ကျင်တိုက်ခိုက်ကြသည့် အင်အားစုများအနေဖြင့် စစ်ရေးအရ အောင်ပွဲများကို ဖန်တီးနိုင်သည့်နှင့် တပြိုင်နက် နိုင်ငံရေးအရဖြစ်ပေါ်တိုးတက်မှုများကိုလည်း အောင်မြင်စေရန်အတွက် ဆောင်ရွက်ရန်လိုအပ်ကြောင်းကို ယခုသုတေသနစာစောင်တွင် ထင်ဟပ်စေမည်ဖြစ်ပါသည်။

# ၂.၁။ သုတေသနနည်းနာ

ယခုသုတေသနတွင် အသုံးပြုသောအချက်အလက်များ၊ အထောက်အထားများကို ရယူရာ၌ အရင်းအမြစ်နှစ်ခုကို အဓိကအခြေခံထားပါသည်။ ပထမတခုမှာ မိမိတို့သုတေသန ပြုလုပ်ရာ အကြောင်းအရာ၊ ဖြစ်စဉ်တွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ပါဝင်ကြသည့် လူပုဂ္ဂိုလ်များအား အင်တာဗျူးများ မေးမြန်းခြင်းများမှ ရယူပါ သည်။ ထို့အပြင် ဒုတိယနည်းလမ်းအနေဖြင့် ထုတ်ဝေပြီးသော သတင်းစာ၊ ဂျာနယ်၊ ဆောင်းပါး၊ စာစောင်၊ အစီရင်ခံစာ အစရှိသည်တို့မှ ရယူခြင်းဖြစ်သည်။

လူပုဂ္ဂိုလ်များအား မေးခွန်းများမေးမြန်းရာတွင် ဖြေဆိုသူ၏အမြင်များ၊ သဘောထား များ၊ ရှုမြင်သုံးသပ်ချက်များကို လွတ်လပ်စွာ ဖြေဆိုနိုင်စေရန်အလို့ငှာ မိမိတို့အင်တာဗျူး ပြုလုပ်သော လူပုဂ္ဂိုလ်များ အမည်နာမများကို သဘောတူညီချက်မရရှိပါက ဖော်ပြသွား မည်မဟုတ်ပါ။ သို့သော်လည်း မိမိတို့အနေဖြင့် သုတေသနအချက်အလက်များ ခိုင်မာမှုရှိ စေရန်အတွက် အင်တာဗျူးဖြေဆိုသူများ၏ အမည်၊ အဖွဲ့အစည်းနှင့် သက်ဆိုင်ရာ အချက် အလက်များကို စနစ်တကျ သိမ်းဆည်းထားရှိပါသည်။

# ၃။ အဓိက ဆွေးနွေးချက်များ

သုတေသနဆွေးနွေးချက်များတွင် အာဏာမသိမ်းမီကာလများ၌ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးနှင့် ပတ်သတ်သော မတူညီသောအမြင်များကို စုစည်းကာ လေ့လာချက်များကို စုစည်းဖော်ပြသွားမည်ဖြစ်သည်။ ထို့အပြင် အာဏာသိမ်းပြီးနောက်ပိုင်း ပြောင်းလဲသွားသည့် နိုင်ငံရေးအခင်းအကျင်းများနှင့်အတူ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကြိုးပမ်းကြသည့် ကြိုးပမ်းချက်များကို လေ့လာဖော်ပြသွားမည် ဖြစ်သည်။

# ၃.၁။ ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အမြင်ကွဲပြားချက်များ

မြန်မာနိုင်ငံလွတ်လပ်ရေးရသည့် အချိန်မှစတင်ပြီး ပင်လုံစာချုပ်သည် မြန်မာနိုင်ငံ၏ ဖက်ဒရယ် ပြည်ထောင်စုတည်ထောင်မှုအတွက် အဓိကသရုပ်သကန်ဖြစ်လာခဲ့သည်။ အထူးသဖြင့် ၁၉၄၇ ခုနှစ် အခြေခံဥပဒေသည် ပြည်ထောင်များကိုစုစည်းပြီး ဖက်ဒရယ် ပြည်ထောင်စုအဖြစ် (Coming Together Federal Model) ပေါ်ထွန်းရန် ကြိုးစားခဲ့ကြခြင်းကို အကြမ်းဖျင်းအားဖြင့် လက်ခံကြပါသည်။

သို့သော် ခေတ်အဆက်ဆက် စစ်အာဏာသိမ်းမှုများက မြန်မာနိုင်ငံ၏ ဖက်ဒရယ် ပြည်ထောင်စုတည်ထောင်မှု ကြိုးပမ်းခြင်းကို အားနည်းစေခဲ့ပြီး တပြည်ထောင်စနစ် (Unitary State) အသွင်ကိုသာ ကြိုးပမ်း တည်ဆောက်လာခဲ့ကြသည်။ နောက်ပိုင်းတွင် စစ်အာဏာ သိမ်းခေါင်းဆောင်များအနေဖြင့် ဖက်ဒရယ်ဆိုသော စကားလုံးကို လိုရာဆွဲအဓိပ္ပါယ်ဖော်ခဲ့ ကြပြီး တပြည်ထောင်စနစ်ကို ပုံပြောင်းထားသော ဖက်ဒရယ်အဖြစ် အတင်းအကျပ် တည် ထောင်ထားသည့်စနစ် (Putting Togther Federal Model) ကိုသာ တည်ထောင်လာခဲ့ကြ သည်။

၂၀၁၀ ခုနှစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကာလများတွင်လည်း ၂၀၀၈ အခြေခံဥပဒေကို ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မှုပုံသဏ္ဍာန်ဖြစ်စေရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကဏ္ဍအလိုက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပြီး ကြိုးပမ်းခဲ့ကြသည်။ သို့သော် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် သဘောတူညီချက် မရှိခဲ့ ခြင်းများ၊ နိုင်ငံရေးဆိုင်ရာဆွေးနွေးမှုများတွင် အရေးကြီးသည့် အချက်များ၌ ပြေလည်မှု

မရရှိခြင်းများ စသော အကြောင်းတရားများကြောင့် ၂၀၂၀ ခုနှစ်အထွေထွေ ရွေးကောက်ပွဲ မတိုင်ခင် ရပ်တန့်ခဲ့ရသည်။ ၁၀ နှစ်တာခန့် ကြိုးပမ်းမှုများတွင် သဘောတူညီချက်အချို့ ရရှိခဲ့သော်လည်း လက်တွေ့အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များ မစတင်နိုင်ခဲ့ဘဲ ရပ်တန့်ခဲ့ရကာ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု ပေါ်ပေါက်လာခဲ့သောကြောင့် အခြေအနေ အသစ်များနှင့်ရင်ဆိုင်ခဲ့ရပြီး ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်မှုသည် ပုံစံတမျိုးသို့ ပြောင်းလဲသွားခဲ့ရသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် သဘောတူညီချက် ၅၁ ချက်ရရှိခဲ့ကြပြီးအများစုမှာ ဖယ်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အုတ်မြစ်များဟု လက်ခံခဲ့ကြသည်။ သို့သော် ၂၀၀၈ အခြေခံဥပဒေအပေါ်တွင် တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့များနှင့် အခြား သော အင်အားစုများအကြားတွင် ပြုပြင်ပြောင်းလဲရေး၊ ဖျက်သိမ်းရေး စသော မတူညီသည့် အမြင်များ ရှိကြသည့်အပြင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် သဘောတူညီချက်များဖြင့် အခြေခံ ဥပဒေကို ပြန်လည်ပြုပြင်နိုင်သည်ဟူသောအချက်ကို ခေါင်းဆောင်ပိုင်းများအတွင်းတွင် လည်း မတူညီသည့်အမြင်များရှိခဲ့ကြသည်။[1] ထို့အပြင် နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များနှင့်အတူ လုံခြုံရေးဆိုင်ရာကိစ္စများသည် တန်းတူအရေးပါခဲ့ပြီး အဆိုပါလုံခြုံရေးဆိုင်ရာ ကိစ္စများတွင် သဘောထားကွဲပြားမှုအများဆုံး ဖြစ်ခဲ့ကြသည်။

အထူးသဖြင့် "တခုတည်းသော တပ်မတော်ထားရှိရေး" ကိစ္စနှင့် "အနာဂတ်ဖက်ဒရယ် တပ်မတော်ကို မည်ကဲ့သို့တည်ဆောက်ကြမည်နည်း" ဆိုသော အချက်များသည် ပြင်းပြင်း ထန်ထန်ဆွေးနွေးခဲ့ကြရသော အခြင်းအရာများဖြစ်သည်။ အထူးသဖြင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး (Security Sector Reform - SSR & Disarmament, Demobilization and Reintegration - DDR) ဖြစ်စဉ်များတွင် ပါဝင်ဘက်များ၏ အခြေခံသဘောတရားများ ကွဲပြားပြီး ဆက်လက်ဆွေးနွေးရန်ပင် ခက်ခဲခဲ့ကြပေသည်။ တပ်မတော်အနေဖြင့် ဖက်ဒရယ်တပ်မတော်ဖွဲ့စည်းပါက ဒို့တာဝန်အရေးသုံးပါးကို အဓိက ခြိမ်းခြောက်ခံရမည် ဟူသောအမြင်၊ သဘောထားကို တရားသေ ဆုပ်ကိုင်ထားခဲ့သည်။ တိုင်းရင်းသား တော်လှန်ရေးတပ်ဖွဲ့များအနေဖြင့်လည်း လက်နက်ဖျက်သိမ်းရေးနှင့် ရှိရင်းစွဲတပ်မတော် ထဲသို့ ပေါင်းစပ်ဝင်ရောက်ခြင်းမှာ ရှိရင်းစွဲယုံကြည်မှုနှင့် မဖြစ်နိုင်သော အခြေအနေတခု အဖြစ် ရှုမြင်ခဲ့ကြပါသည်။

1 IDEA. (2022) မြန်မာနိုင်ငံ၏ဖယ်ဒရယ်ဒီမိုကရေစီပဋိညာဉ်ဆန်းစစ်လေ့လာချက်နှင့် အလားအလာများ။

**'တခုတည်းသော တပ်မတော်ထားရှိရေး' ကိစ္စနှင့် 'အနာဂတ်ဖက်ဒရယ်တပ်မတော်ကို မည်ကဲ့သို့တည်ဆောက်ကြမည်နည်း' ဆိုသော အချက်များသည် ပြင်းပြင်းထန်ထန်ဆွေးနွေးခဲ့ကြရသော အခြင်းအရာများဖြစ်သည်။**

ထို့အပြင် ဖက်ဒရယ်အစိတ်အပိုင်းများကို မည်ရွေ့မည်မျှ ဖွဲ့စည်းကြမည်နည်းဟူသော မေးခွန်းသည် မြန်မာနိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စုကြိုးပမ်းမှုသမိုင်းတွင် ယနေ့အထိ ငြင်းခုန်နေရပြီး တူညီသည့် သဘောထားကို မရနိုင်သည့်အကြောင်းအရာဖြစ်သည်။ အထူးသဖြင့် ဗမာလူမျိုးများ၏ ပြည်နယ် (သို့) အစိတ်အပိုင်းကို ယခုရှိရင်းစွဲ တိုင်းဒေသကြီးများ အဖြစ် ဖွဲ့စည်းကြမည်လော၊ သို့တည်းမဟုတ် ဗမာပြည်နယ်ကြီးတခုအဖြစ် ဖွဲ့စည်းကြမည်လော အစရှိသည့် မေးခွန်းများမှာ အဓိကမေးခွန်းများ ဖြစ်လာပါသည်။

သို့သော် ရှိရင်းစွဲတိုင်းဒေသကြီးများအားလုံးကို ဗမာပြည်နယ်ကြီးတခုအဖြစ် ဖွဲ့စည်းပါက နယ်မြေအကျယ်အဝန်းအားဖြင့်သာမက လူဦးရေအားဖြင့်ပါ ထိုမျှကြီးမားလှသော အစိတ်အပိုင်းအား နိုင်ငံရေးအာဏာ၊ အရင်းအမြစ်၊ ဘဏ္ဍာငွေခွဲဝေမှု အစရှိသော ကိစ္စရပ်များမှာ ရှုပ်ထွေးပြီး နိုင်ငံရေးအားဖြင့်လည်း အကဲဆတ်ပါသည်။ သို့ဖြစ်သောကြောင့် ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး ကြိုးပမ်းမှုသမိုင်းတွင် အဆိုပါမေးခွန်းများသည် မေးခွန်းဟောင်းများဖြစ်သော်လည်း ဖြေဆိုကြရမည့် အုပ်စုများ၊ အစုအဖွဲ့များ၏ အခြေအနေနှင့် ရပ်တည်ချက်များမှာ အသစ်အသစ်များ ဖြစ်လာတတ်ပါသည်။

အထူးသဖြင့် နိုင်ငံရေး၊ စစ်ရေးအင်အားကြီးမားပြီး ပြည်နယ်အဆင့်ကို တရားဝင် မရရှိသေးသော တိုင်းရင်းသားများအနေဖြင့် ပြည်နယ်အဆင့် တောင်းဆိုလာပါက ရှိရင်းစွဲ ပြည်နယ်အတွင်း နေထိုင်ကြသော တခြားသောတိုင်းရင်းသားများအနေဖြင့် မည်ကဲ့သို့ သဘောထားရှိမည်နည်း စသော အခြင်းအရာများမှာ နိုင်ငံရေးအရကွဲလွဲမှုများ ဖြစ်ပေါ်နေခဲ့ကြသည့် အကြောင်းအရာများ ဖြစ်ပါသည်။

ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် ပြည်ထောင်စုအဆင့်၌ မည်ကဲ့သို့ တည်ဆောက်ကြမည်နည်း ဟူသော ကိစ္စရပ်နှင့်ပတ်သတ်ပြီး တူညီသည့်သဘောထားများ

မရှိကြသည့်အပြင် ဖက်ဒရယ်ပြည်နယ်များကိုလည်း အရေအတွက်မည်မျှဖြင့် ဖွဲ့စည်းကြမည်နည်းဟူသော ကိစ္စရပ်တွင်လည်း အားလုံးလက်ခံပြီး နိုင်ငံရေးအရ ညှိနှိုင်းဖြေရှင်းနိုင်ကြမည့် အခြေအနေတခု မရှိခဲ့ကြပါ။ ထို့အပြင်ကဏ္ဍအလိုက်ကိစ္စရပ်များဖြစ်သောလုံခြုံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ အစရှိသော ကိစ္စရပ်များတွင်လည်း ဆွေးနွေးစရာကိစ္စရပ်များ အများအပြားကျန်ရှိနေခဲ့ကြသည်။ ထိုအခြေအနေများတွင် ၂၀၂၁ခုနှစ် စစ်အာဏာသိမ်းမှုက အရာအားလုံးကို ရပ်တန့်စေခဲ့ပြီး အခြေအနေအသစ်တခုဆီသို့ တွန်းပို့ခဲ့ပါသည်။

# ၃.၂။ အာဏာသိမ်းပြီးနောက်ပိုင်း ဖက်ဒရယ်ပြည်ထောင်စုကြိုးပမ်းမှုများ

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကြောင့် တနိုင်ငံလုံးတွင် လူထုလှုပ်ရှားမှုများ အရှိန်အဟုန်ကောင်းကောင်းနှင့်ပေါ်ပေါက်လာခဲ့ပြီး စစ်ကောင်စီ၏အကြမ်းဖက်ဖြိုခွဲမှုများကြောင့် လူထုအနေဖြင့် လက်နက်ကိုင်တော်လှန်ရေးနည်းလမ်းကို ရွေးချယ်ခဲ့ကြကာ တစ်နိုင်ငံလုံးအနှံ့တွင် လက်နက်ကိုင်တပ်ဖွဲ့များ ပေါ်ပေါက်လာခဲ့သည်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ကို ဖွဲ့စည်းခဲ့ကြပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တို့ကို ဆက်လက်ဖွဲ့စည်းခဲ့ကြကာ စစ်အာဏာသိမ်းမှုတော်လှန်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းရေးတို့အတွက် လုပ်ဆောင်လာခဲ့ကြသည်။ သို့သော် တိုင်းရင်းသားတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့တချို့မှာ တိုက်ရိုက်ပါဝင်ခြင်းများမပြုလုပ်ကြဘဲအချို့သောတိုင်းရင်းသားတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့များဖြစ်သော KNU၊ KNPP၊ CNF တို့မှာ ပါဝင်ခဲ့ကြသည်။ မြောက်ပိုင်းအင်အားစုအများစုမှာ ရှိရင်းစွဲ FPNCC ၏ နိုင်ငံရေးမူဘောင်အောက်ထဲမှ ထိတွေ့ဆက်ဆံခဲ့ကြပြီး စစ်ရေးအရ ကူညီဆောင်ရွက်ခြင်းများ၊ ပူးတွဲဆောင်ရွက်ခြင်းများကို အဓိက လုပ်ဆောင်ခဲ့ကြသည်။

CRPH ၏ ဖွဲ့စည်းမှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်အများစုသာပါဝင်ပြီး ဗမာလူမျိုးအများစု၏ လွှမ်းမိုးမှုရှိနေသောကြောင့် ဝေဖန်မှုများပြင်းထန်ခဲ့ကာ ငြင်းခုန်မှုများလည်း ရှိခဲ့ကြသည်။ ထို့အပြင် NUCC ၌ တိုင်းရင်းသားတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့

**CRPH ၏ဖွဲ့စည်းမှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၏ ပါတီဝင် အများစုသာ ပါဝင်ပြီး ဗမာလူမျိုးအများစု၏ လွှမ်းမိုးမှုရှိနေသောကြောင့် ဝေဖန်မှုများပြင်းထန်ခဲ့ကာ ငြင်းခုန်မှုများလည်း ရှိခဲ့ကြသည်။**

၈ ဖွဲ့အထိ ပါဝင်ခဲ့ကြပြီး အခြားသောအစုအဖွဲ့ဝင် အရေအတွက် ၃၃ ဖွဲ့အထိ ရှိခဲ့ကြသည်။ သို့သော်အဆိုပါ ပါဝင်မှုကိန်းဂဏန်းများမှာ အမြဲတမ်းအပြောင်းအလဲ ရှိနေပြီး နှုတ်ထွက်မှုများ၊ ပါဝင်မှု ရပ်စဲထားခြင်းများ အစရှိသော ဖြစ်စဉ်များကိုလည်း ရံဖန်ရံခါ တွေ့ရပါသည်။

ဆိုလိုသည်မှာ တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့များနှင့် ဗမာအခြေပြု တော်လှန်ရေးအဖွဲ့အစည်းများအကြားတွင်လည်း"ယုံကြည်မှု"အရင်းခံပြဿနာတချို့ရှိနေဆဲပင် ဖြစ်သည်။ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းတချို့မှာ ယခင်က စစ်အာဏာသိမ်းမှုနောက်ဆက်တွဲဖြစ်စဉ်များ၌ပေါ် ပေါက်ခဲ့ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ NCGUB အစရှိသော အဖွဲ့အစည်းများ၏ သမိုင်းဖြစ်စဉ်များကို သင်ခန်းစာယူကြပြီး ယခုတခေါက်တွင်လည်း သတိကြီးစွာဖြင့် ကိုင်တွယ်ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် သိသာလာခဲ့သည့်ဆွေးနွေးမှုတခုမှာ "ဗမာပြည်နယ်" ဟူသော အသုံးအနှုန်းနှင့် ဆက်စပ်နိုင်ငံရေးအခြေအနေဖြစ်ပါသည်။ အထူးသဖြင့် ဗမာလူမျိုးစုကိုယ်စားပြုသည့် လက်နက်ကိုင်တပ်ဖွဲ့များ ထူထောင်လာကြပြီး ဗမာပြည်နယ် ထူထောင်ရေးဟူသော အမြင်တခုအားကောင်းလာခြင်းဖြစ်သည်။ ဗမာပြည်နယ်ထူထောင်ရေးအမြင်မှာ အသစ်အဆန်းမဟုတ်သော်လည်း ဗမာပြည်နယ်ထူထောင်ရေးအတွက် ကိုယ်စားပြုလက်နက်ကိုင်တပ်ဖွဲ့ ဖွဲ့ခြင်းမှာ ထူးခြားပါသည်။ သမိုင်းတလျှောက်လုံးတွင် တပ်မတော်သည် ဗမာလူမျိုးများ၏ ကိုယ်စားလှယ်အဖြစ်သာမကဘဲ တနိုင်ငံလုံး၏ ကိုယ်စားပြုအဖြစ် ယုံကြည်ယူဆလာခဲ့ကြပြီး ယခုအာဏာသိမ်းပြီးနောက်ပိုင်းတွင် တပ်မတော်အနေဖြင့် သမိုင်းတွင်မကြုံဖူးသည့် အကျပ်အတည်းများကို ရင်ဆိုင်နေရပါသည်။

ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးဆွေးနွေးပွဲများ၊ နိုင်ငံရေးညှိနှိုင်းမှုများတွင်

မြန်မာနိုင်ငံမြောက်ပိုင်း၌အခြေစိုက်သော တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့များ၏ အမြင်သဘောထားများကို ကွန်ဖက်ဒရေးရှင်းနှင့် နီးစပ်သော နိုင်ငံရေးလိုအင်အဖြစ် ပုံဖော်ကြပါသည်။ ရက္ခိုင်တပ်တော် (AA) ၏ ထုတ်ဖော်ပြောဆိုချက်ကိုကြည့်လျှင် သိသာထင်ရှားပါသည်။ သို့သော် အဆိုပါ အဖွဲ့အစည်းများသည် အမျိုးသားညီညွတ်ရေးအစိုးရ၏ နိုင်ငံရေးဆွေးနွေးပွဲများတွင် အဓိက ပါဝင်ကြခြင်းမရှိပါ။ ထိုအဖွဲ့အစည်းများသည် စစ်ရေး၊ စစ်ရာများနှင့် ဆက်စပ်သော အကြောင်းအရာများတွင်သာ အဓိက ပြောဆိုဆွေးနွေးကြပြီး "ဘုံရန်သူ" ကိုတိုက်ခိုက်ရန်အတွက် နည်းဗျူဟာမြောက် မဟာမိတ်အဖြစ် ဆက်သွယ်ဆောင်ရွက်ကြပါသည်။ သို့သော် နိုင်ငံရေးအရ မဟာဗျူဟာမြောက်ဆက်ဆံရေးများကို မတွေ့ရသေးပါ။

စစ်ဆင်ရေး ၁၀၂၇ အပြီးတွင် မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့နှင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ လက်အောက်ခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ စစ်ရေးအဆက်အစပ်ကို ပိုမိုတွေ့လာရပြီးထင်ရှားလာခဲ့ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့်လည်းနိုင်ငံရေးအရသဘောတူညီမှုထက် မြောက်ပိုင်းအဖွဲ့များထံမှ စစ်ရေးအကူအညီများက စစ်ကောင်စီကို တိုက်ခိုက်ရန်အတွက် ပိုမိုလိုအပ်ပြီး အရေးပါဟန်ရှိပါသည်။ ထို့ကြောင့် ယခုအချိန်တွင် နိုင်ငံရေးဆွေးနွေးပွဲများထက် စစ်ရေးရည်မှန်းချက်များက ပိုမိုရှေ့တန်းရောက်လာသည်ကို တွေ့ရှိရပါသည်။

# ၄။ လေ့လာဆန်းစစ်ချက်များ

ယခုသုတေသနတွင် စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုင်းနှင့်ပြည်နယ်အလိုက် ထူးခြားသော ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေး အဖြစ်အပျက်များ၊ သဘောထားများ၊ ဖြစ်ပေါ်တိုးတက်မှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ခေါင်းဆောင်များအား အင်တာဗျူးများ ပြုလုပ်ပြီး လေ့လာဆန်းစစ်ထားပါသည်။ တွေ့ရှိချက်များကို အကျဉ်းချုပ်ဖော်ပြထားရှိပါသည်။ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း အစရှိသော တိုင်းနှင့်ပြည်နယ်များကို ယခုသုတေသနတွင် ဖော်ပြထားခြင်း မရှိပါ။ အထူးသဖြင့် ရခိုင်ပြည်နယ်၌ သီးခြားနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများရှိနေပြီး တစ်နိုင်ငံလုံးနှင့်ဆက်စပ်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကိစ္စများနှင့် ဆီလျော်ခြင်းမရှိပါ။ ရှမ်းပြည်နယ်သည် ပိုမိုရှုပ်ထွေးကာ တခြားသော တိုင်းရင်းသားများ ဖြစ်သော ဝလူမျိုး၊ ရှမ်းလူမျိုး၊ ကိုးကန့်လူမျိုး၊ ပအိုဝ်းလူမျိုး၊ ပလောင်လူမျိုးများ၏ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ရှုပ်ထွေးလှျက် ဖြစ်ပေါ်တိုးတက်မှုများလည်း များပြားသောကြောင့် သီးခြားလေ့လာရန်လိုအပ်ပါသည်။ ထိုအပြင် ယခုသုတေသနတွင် ကရင်နီ၊ ချင်းနှင့် စစ်ကိုင်းတိုင်းတို့၏ ဖက်ဒရယ် ပြည်ထောင်စုပေါ်ထွန်းရေးတို့အတွက် ကြိုးပမ်းမှု မိုဒယ်များနှင့် ဒီဇိုင်းများကို လေ့လာဆန်းစစ်ထားရှိပါသည်။

# ၄.၁။ ကရင်နီ

ကရင်နီသည် စစ်အာဏာသိမ်းပြီးနောက်ပိုင်း လက်နက်ကိုင်ပုန်ကန်တော်လှန်မှုတွင် အင်အားကြီးမားပြီး ဖြစ်ပေါ်တိုးတက်မှုမြန်ဆန်သောဒေသတခုဖြစ်သည်။ ကရင်နီအမျိုးသား ကာကွယ်ရေးတပ်ဖွဲ့ (KNDF) သည် အင်အားကောင်းလာခဲ့ပြီး ရှိရင်းစွဲ ကရင်နီတပ်မတော် (KA)တို့နှင့်ပါ သဟဇာတရှိရှိ ပေါင်းစပ်တော်လှန် နိုင်ခဲ့သည်။ နောက်ပိုင်းတွင် "ကလလတ" စသော အဖွဲ့အစည်းများကပါ ပူးပေါင်းပါဝင်ခဲ့ကြပြီး ကရင်နီတော်လှန်ရေးသည် ပိုမိုပီပြင် လာခဲ့သည်။ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC)၊ ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီ (IEC)နှင့် ကရင်နီပြည်နယ်ကြားကာလလွှတ်တော် (KSIP) တို့ကို အသီးသီးဖွဲ့စည်းခဲ့ကြပြီး ကရင်နီပြည်နယ်၏ စစ်ရေး၊ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများကို တွေ့လာရပါသည်။

ထိုဖြစ်ပေါ်တိုးတက်မှုများနှင့်ဆက်စပ်ပြီး ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC) ၏ဥက္ကဋ္ဌဦးအောင်ဆန်းမြင့်က "ကရင်နီကလည်း တော်လှန်ရေးကာလကနေ ဒီနေ့ဖက်ဒရယ် ဒီမိုကရေစီ တည်ဆောက်ရေးကာလအထိ ကိုယ်ပိုင်ပြဌာန်းနိုင်ခွင့်ကို ပြည့်ပြည့်ဝဝ ကျင့်သုံး နိုင်ဖို့ကို ကျင့်သုံးခဲ့ကြပါတယ်" ဟု ပြောဆိုသည်။ ကရင်နီပြည်တွင် စစ်အာဏာသိမ်းပြီးကာစ ၂၀၂၁ ခုနှစ် ဧပြီ ၉ ရက်နေ့ကတည်းက ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ-KSCC ကို စတင်ဖွဲ့စည်းခဲ့ကြသည်။ ပြည်သူလူထုလိုအပ်သည့် လုံခြုံရေး၊ ပညာရေး၊ လူသားချင်း စာနာထောက်ထားရေးများကို လုပ်ဆောင်ခဲ့ကြသည်ဟု ဆိုသည်။

ထိုအချိန်ကာလတွင် တိကျသည့်ဖွဲ့စည်းပုံနှင့် တိကျသည့်တာဝန်ယူမှု၊ တာဝန်ခံမှုများ အားနည်းခဲ့ကြသည့်အတွက် အကောင်အထည်ဖော်လုပ်ကိုင်ချိန်တွင် ရှုပ်ထွေးမှုများ ရှိခဲ့ သည်ဟု ဦးအောင်ဆန်းမြင့်ကပြောပါသည်။ ယင်းအခြေအနေများကြောင့် ၂၀၂၂ ခုနှစ်တွင်

ပြန်လည်သုံးသပ်ပြီး Interim Arrangement ကို စတင်ရေးဆွဲခဲ့ကြသည်ဟု ဆိုသည်။ Interim Arrangement သည် Constitution လည်း မဟုတ်သလို၊ ချာတာနဲ့ ဆင်တူပြီး အားလုံးသဘောတူနိုင်မည့် အစီအမံပေါ်မူတည်ပြီး KSCC ကို ၂၀၂၃ ဇန်နဝါရီလ ၁၇ ရက်မှ ၂၀ ရက်နေ့တွင်း ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

KSCC အောက်တွင် ပညာရေး၊ ကျန်းမာရေး၊ လူသားချင်းစာနာထောက်ထားရေး၊ ဘဏ္ဍာရေး၊ CDM, Strike Committee, Transactional Justice Committee တို့ ပါရှိသည်။ အသစ်ပြန်လည်ဖွဲ့လိုက်သည့် KSCC တွင် KSCC ၏ Mandate and Role ကို သီးသန့်ထားရှိသည်ဟု ဆိုသည်။ KSCC က ပေါ်လစီနှင့် မဟာဗျူဟာကို ရေးဆွဲအတည်ပြုချမှတ်သည်။ ပေါ်လစီများကို အကောင်အထည်ဖော်နိုင်ရန် ယန္တရား ၃ ခုကို ပြန်လည်ဖွဲ့စည်းသည်။ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုသည့်ကဏ္ဍ ၃ ခုကို ဖွဲ့စည်းခဲ့ကြသည်။ KSCC အောက်တွင် ကြားကာလလွှတ်တော်ရှိပြီး ၂၀၂၀ အနိုင်ရ အမတ် ၁၄ ဦး ပါရှိသည်။ ၎င်းတို့၏ ဦးဆောင်မှုနှင့် ဥပဒေမူကြမ်းရေးဆွဲရေးကို လုပ်ဆောင်နေပြီး၊ ထိုသို့ လုပ်ဆောင်မှုက ဥပဒေပြုရေးကဏ္ဍဟု ဦးအောင်ဆန်းမြင့်က ပြောဆိုသည်။

အုပ်ချုပ်ရေးကဏ္ဍအနေနှင့် IEC ကို ဖွဲ့စည်းပြီး ယင်းအောက်တွင် ဌာန ၆ ခု ခွဲ၍ ပြည်ထဲရေး၊ ပညာရေး၊ လူသားချင်းစာနာထောက်ထားရေး၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှင့် အခွန်ကောက်ဌာန၊ အမျိုးသမီးနှင့် ကလေးဌာနဆိုပြီး ၆ ခု ခွဲထားသည်ဟု ဆိုပါသည်။ တရားစီရင်ရေးကဏ္ဍနှင့် ပတ်သက်ပြီး လွတ်လပ်သည့် တရားရုံး ၆/၇ ခု ခွဲပြီး တရားစီရင်ရေးလုပ်ငန်းများကို လက်ရှိတွင် လုပ်ဆောင်နေသည်ဟု ပြောသည်။

"ကရင်နီပြည်နယ်ထဲမှာ အနည်းဆုံး ၆၅ ရာခိုင်နှုန်းကျော် နယ်မြေ ထိန်းချုပ်ထားနိုင်ပြီဖြစ်ပါတယ်။ စစ်ကောင်စီက ၁၅လောက်ပဲ ထိန်းချုပ်နိုင်ပါတယ်။ ဒါကြောင့်လည်း ကိုယ်ပိုင်

ပြဋ္ဌာန်းခွင့်ကို စနစ်တကျကျင့်သုံးနိုင်ရန် အကောင်းဆုံးအချိန် ဖြစ်တယ်လို့ မျှော်လင့်တဲ့အတွက် လက်တွေ့ကျကျ အကောင်အထည်ဖော်ခြင်း ဖြစ်ပါတယ်။ အခုချိန်မှာ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ အသီးသီးပြန်ဖွဲ့နေပါတယ်။ ဒီအချိန်ကနေစပြီး အသွင်ကူးပြောင်းရေးကာလ၊ ဖက်ဒရယ်တည်ဆောက်ရေး ကာလအထိ ဆက်လက်ကျင့်သုံးသွားမှာ ဖြစ်ပါတယ်" ဟု ဦးအောင်ဆန်းမြင့်က ပြောသည်။

ယင်းအပြင် NUCC တွင် အသိအမှတ်ပြုထားသည့် အချိန်ကာလ ၃ ခုမှာ Interim ကြားကာလ၊ Transitional အသွင်ကူးပြောင်းရေးကာလနှင့် Reconstruction ပြန်လည်တည်ဆောက်ရေးကာလတို့ဖြစ်ပြီး၊ တကယ့်ပညာရှင်တို့၏ပြောကြားချက်အရ ယနေ့အချိန်ကာလသည် တော်လှန်ရေးကာလ Revolution Period ဖြစ်ကြောင်းနှင့် တော်လှန်ရေးကာလပြီးမှသာ ကြားကာလ၊ ပြီးနောက် အသွင်းကူးပြောင်းရေးကာလ၊ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးကာလဆိုပြီး ဖြစ်တယ်ဟု ၎င်းကဆိုသည်။ လက်ရှိကြားကာလတွင် ကြားကာလအစီအမံနဲ့ သွားနေရကြောင်း၊ ပြည်ထောင်စုနှင့် ပြည်နယ်ကြားတွင် အပြန်အလှန်ဆက်ဆံရေး ပုံစံအနေဖြင့် NUG, NUCC နှင့် ချိတ်ဆက်ဆောင်ရွက်နေတယ်ဟု ဆိုသည်။

လက်ရှိကရင်နီသွားနေသည် ပုံစံသည် ဖက်ဒရယ်ပဲဖြစ်ကြောင်း၊ နိုင်ငံရေးရည်မှန်းချက်သည်လည်း ဖက်ဒရယ်တည်ဆောက်ရေးနှင့် ပြည်နယ်အားကောင်းသည့် ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးသာဖြစ်တယ်ဟု ဦးအောင်ဆန်းမြင့်က ပြောသည်။ ကြားကာလအတွက်လည်း ပြည်နယ်အခြေခံဥပဒေ ရေးဆွဲထားပြီး ဖြစ်တယ်ဟု ၎င်းက ပြောသည်။

"တစုတဖွဲ့က အာဏာယူတဲ့ပုံစံမဟုတ်ဘဲ တိုင်းပြည်တစ်ခုလုံးကို ပြောင်းလဲတဲ့စနစ်ပြောင်းလဲခြင်းကို ဖြစ်စေချင်တာပါ။ ဒါကြောင့်လည်း ဒီနေ့တိုင်းပြည်အရေးမှာ ဦးဆောင်ပါဝင်သူတွေအနေဖြင့် ဒီဘုံသဘောထားကို လက်ခံပြီးတူညီဖို့ လိုအပ်ပါတယ်။ အဲလို မတူညီရင်တော့ အနာဂါတ်ဖက်ဒရယ် တည်ဆောက်ရေးက အခက်အခဲရှိပြီး တိုင်းရင်းသားအရေးနှင့် မြန်မာ့အရေး ပဋိပက္ခကို ဖြေရှင်းလို့ရမှာမဟုတ်ပါဘူး"ဟု ဦးအောင်ဆန်းမြင့်က ရှင်းပြပြောဆိုသည်။ [2]

ထို့အပြင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် ဆက်စပ်ပြီး "စစ်အာဏာသိမ်းပြီးနောက်ပိုင်း အားလုံးက ဖက်ဒရယ်ပြည်ထောင်စုဆိုတဲ့ စကားလုံးကို ကျယ်ကျယ်

2 BNI-MPM မှ ဦးအောင်ဆန်းမြင့် (ဥက္ကဋ္ဌ - ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ) နှင့် ပြုလုပ်ခဲ့သော အင်တာဗျူးမှ ထုတ်နုတ်ချက်။

**ဖက်ဒရယ်ဒီမိုကရေစီ ချာတာထဲတွင် အချုပ်အခြာသည် ပြည်နယ်ထဲမှာရှိသည့် တိုင်းရင်းသားပြည်သူလူထုများထံမှ ဆင်းသက်ရမည်ဟု ထည့်သွင်းထားခြင်းဖြစ်သည်**

ပြန့်ပြန့်သုံးလာကြပေမယ့် Stakeholder အားလုံးကြားမှာ ဖက်ဒရယ်အနက်အဓိပ္ပာယ်တူညီကြဖို့ လိုပါသေးတယ်။ တိုင်းရင်းသားများလိုချင်တဲ့ အနှစ်သာရနဲ့ တခြားနိုင်ငံရေးပါတီများ Stakeholder များ လိုချင်တဲ့ ဖက်ဒရယ်က အနက်အဓိပ္ပာယ် မတူညီကြသေးတာကို တွေ့ရပါတယ်” ဦးအောင်ဆန်းမြင့်က ဆက်ပြောသည်။

တိုင်းရင်းသားများလိုချင်သည့် ဖက်ဒရယ်ဆိုရာတွင် အမျိုးသားတန်းတူညီရေး၊ တရားမျှတရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံပေးနိုင်ရမည်ဖြစ်သည့်အပြင် Bottom up Federalism- ဟု ခေါ်သည့် ပြည်နယ်အားကောင်းရေးမှသည် ပြည်ထောင်စုအားကောင်းရေးကိုသွားသည့် ဖက်ဒရယ်ကို လိုချင်ကြတယ်ဟု ၎င်းကဆိုသည်။ ယင်းအပြင် ဖက်ဒရယ်ကို ပါဝင်သူတွေကြားထဲတွင် တူညီသည့်အမြင်သဘောထား ရပ်တည်ချက်ရှိဖို့ အရေးကြီးကြောင်းနှင့် ယခင်က ဖက်ဒရယ်လို့ပြောလိုက်လျှင် ပြည်ထောင်စုနှင့် ပြည်နယ်ကြား အာဏာခွဲဝေရေးအပိုင်း၌ ကာကွယ်ရေး၊ သယံဇာတခွဲဝေရေး၊ နိုင်ငံခြားရေး၊ နိုင်ငံသားဥပဒေနဲ့ ပါတ်သက်ပြီး ပြည်ထောင်စုမှပဲ ရှိရမယ်လို့ ယူဆခဲ့ကြတယ်ဟု ၎င်းက ပြောသည်။

“ဒီနေ့ တကယ့်ဖက်ဒရယ်နိုင်ငံတွေမှာ ဒါတွေက ပြောင်းလဲခဲ့ပြီ၊ ပြည်နယ်တွေမှာ အာဏာပိုပေးလာတာကို တွေ့ရပါတယ်။ အရင်တုန်းကလို ဖက်ဒရယ်မှာ အချုပ်အခြာသည် ပြည်သူများထံမှ ဆင်းသက်ရမည်လို့ပြောထားရင် တိုင်းရင်းသားတိုင်း တူညီမျှမှု မရနိုင်ကြပါ။ လူတစ်ဦးတစ်ယောက်ချင်းစီ၏ ဆန္ဒသဘောထားကိုပဲ ကောက်ယူမည်ဆိုလျှင် လူနည်းစုတိုင်းရင်းသားတွေအတွက် မျှတမှုမရှိဘဲ လူအများစုဖြစ်တဲ့ ဗမာများအတွက်ပဲ အမြဲတမ်းနိုင်ငံရေး ဆုံးဖြတ်သူများ ဖြစ်မှာပါ” ဟု ဦးအောင်ဆန်းမြင့်က ပြောဆိုသည်။

ထို့ကြောင့် ဒီကနေ့ FDC ဆိုသည့် ဖက်ဒရယ်ဒီမိုကရေစီ ချာတာထဲတွင် အချုပ်အခြာသည် ပြည်နယ်ထဲမှာရှိသည့် တိုင်းရင်းသားပြည်သူလူထုများထံမှ ဆင်းသက်ရမည်ဟု

**Stakeholder အားလုံး သဘောထားအမြင်ကိုယူပြီးမှ ဒီနေ့သွားမည့် ကရင်နီပြည်နယ်၏ပုံစံသည် အားလုံးပါဝင်ရေးနှင့် စုပေါင်းခေါင်းဆောင်မှုဖြင့် သွားမည်ဟု လက်ခံထားခဲ့ကြတာပါ**

ထည့်သွင်းထားခြင်းဖြစ်သည်ဟုလည်း ၎င်းကဆိုသည်။ "ဘာကြောင့်လဲဆိုတော့ တစ်တိုင်းပြည်လုံး ရွေးကောက်ပွဲလုပ်ရုံနှင့် နိုင်ငံခေါင်းဆောင်ကို မပေးနိုင်ဘူး၊ Electro System မှာ ပြည်နယ်များ၏ သဘောထားသာ အဓိကကျသည်ဆိုတဲ့အတိုင်း သွားရမယ်။ ဒါ့အပြင် ပြည်နယ်မှ မြန်မြန်ဆန်ဆန် လက်တွေ့ကျကျလုပ်နိုင်တဲ့ အကြောင်းအရာများကို ပြည်နယ်ကိုလုပ်ကိုင်ခွင့်ပေးရပါမယ်။ ပြည်နယ်တွေမှာ လုပ်ကိုင်ဖို့ အခက်အခဲရှိသည့် အရာများကိုသာ ပြည်ထောင်စုမှ လုပ်ကိုင်ခွင့်ရှိသည်ဆိုသည့် Concept မျိုးနဲ့ သွားရမည်ဆိုတာတွေက Bottom up Federalism ရဲ့ အနှစ်သာရတွေ ဖြစ်ကြပါတယ်။ FDC ထဲမှာလည်း ပြည်နယ်၏အကြီးအကဲဟာ ပြည်ထောင်စုဝန်ကြီး၏ အထက်မှာရှိရမည်ဆိုတဲ့ Concept မျိုးနဲ့ ရေးထားပါတယ်။ ဒါတွေက Bottom up Federalism ရဲ့ အနှစ်သာရတွေ ဖြစ်ကြပြီးတော့ အားလုံးလက်ခံနားလည်ထားဖို့ လိုအပ်ပါတယ်" ဟု ဦးအောင်ဆန်းမြင့်က ရှင်းပြသည်။ [3]

ပြည်နယ်အဆင့် ဖက်ဒရယ်စနစ်ကို လုပ်ကြသည့်အချိန်အခါ၌ ပြဿနာများရှိကြောင်းကို " KSCC ကို မဖွဲ့စည်းခင် ပြည်နယ်ထဲရှိ Stakeholder အချင်းချင်းကြားမှာ ညီညွတ်ရေးကို တည်ဆောက်ခဲ့ကြပါတယ်။ Stakeholder အားလုံး သဘောထားအမြင်ကိုယူပြီးမှ ဒီနေ့သွားမည့် ကရင်နီပြည်နယ်၏ပုံစံသည် အားလုံးပါဝင်ရေးနှင့်စုပေါင်းခေါင်းဆောင်မှုဖြင့် သွားမည်ဟု လက်ခံထားခဲ့ကြတာပါ" ဟု ဦးအောင်ဆန်းမြင့်ကဆိုသည်။ သို့သော် တချို့သော အဖွဲ့များ၏ ရပ်တည်မှုအရ၊ လုံခြုံရေးအရ စသည်ဖြင့် မပါဝင်နိုင်သေးတာ ရှိပေမယ့် လက်နက်ကိုင်၊ နိုင်ငံရေးပါတီ၊ ရွေးကောက်ခံလွှတ်တော်အမတ်များ၊ လူငယ်အဖွဲ့၊

3 BNI-MPM မှ ဦးအောင်ဆန်းမြင့် (ဥက္ကဋ္ဌ - ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ) နှင့် ပြုလုပ်ခဲ့သော အင်တာဗျူးမှ ထုတ်နှုတ်ချက်။

CBO/CSOs၊ သပိတ်ကော်မတီ၊ အမျိုးသမီးအဖွဲ့ စသဖြင့် အဖွဲ့အားလုံးစုံလင်သည်ဟု ၎င်းက ပြောသည်။

အခက်အခဲအနေနှင့် ကရင်နီပြည်နယ်ထဲက ပညာတတ်တွေ၊ နိုင်ငံရေးပညာရှင်တွေ အများကြီး မပါဝင်နိုင်သေးဟုဆိုသည်။ အကြောင်းရင်းက လုံခြုံရေး၊ မိသားစုအခက်အခဲ၊ ၎င်းတို့၏ရပ်တည်ချက် စသဖြင့် အများကြီး ဖြစ်နိုင်ကြောင်းနှင့် ပြည်နယ်ကိုယ်စားပြု အလုပ်လုပ်သည့်အခါတွင် နည်းပညာပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးဖို့ လိုအပ်တယ်ဟုလည်း ဦးအောင်ဆန်းမြင့်က ပြောသည်။

"ပြည်သူ ၃ ပုံ ၁ ပုံ ကတော့ စစ်ရှောင်နေရတဲ့အတွက် ငွေကြေးလိုအပ်ချက်တွေ အများကြီးရှိပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တိုင်းရင်းသားပါတီများ ဒီ Bottom up ဖက်ဒရယ် Concept (နိုင်ငံရေးတန်းတူမှုကို)နဲ့မလုပ်ဘဲဒီမိုကရေစီကိုပဲ ရေးရှုလုပ်ဆောင်မည်ဆိုရင် တိုင်းရင်းသားတွေရဲ့ အခန်းကဏ္ဍက ကျဆင်းသွားမှာ ဖြစ်ပါတယ်။ ဒါတွေက တောက်လျှောက်လုပ်လာခဲ့တာဖြစ်ပြီး အားလုံးသဘောတူပြီးသား ဖြစ်ပါတယ်။ တချို့ပြည်တွင်းက နိုင်ငံရေးသမားတွေက Centralization Federalism ကိုသာ လက်ခံထားတာတွေ့ရပါတယ်။ အနာဂါတ်တိုင်းပြည်အတွက် အရေးကြီးတဲ့ နောက်ထပ် နှစ်ချက်အနေနဲ့ တိုင်းပြည်ကိုဘယ်လိုဖွဲ့စည်းမလဲ(Form of State)ကိုညှိနှိုင်းတဲ့အခါ ပုံစံက ၅ မျိုး တွေ့ရတယ်" ဟု ဦးအောင်ဆန်းမြင့်က ပြောသည်။

ဆက်လက်ပြီး ၎င်းက ရှမ်းမူဖြစ်သည့် ပြည်နယ်ခုနစ်ခုနှင့် ဗမာပြည်နယ်တစ်ခု (ရှစ်ပြည်နယ်မူ)၊ တိုင်းရင်းသားပြည် ခုနစ်ပြည်နယ်နှင့် ဗမာပြည်နယ် ၂ ခု/၃ ခု၊ ရှိပြီးသား တိုင်းနှင့်ပြည်နယ် ၁၄ ခု၊ FCDCC ၏ အမျိုးသားပြည်နယ်နှင့် အမျိုးသားများပြည်နယ်၊ တိုင်းနှင့် ပြည်နယ် ၁၄ ခု အပြင် ပြည်နယ်သစ်များပေါ်ထွန်းရေး စသည်တို့ ဖြစ်တယ်ဟု ဆိုသည်။ " ဒါကို တူညီမှုမရှိဘဲ ဘယ်လို Constitution ရေးဆွဲမလဲ၊ ဘယ်လိုအာဏာခွဲဝေပြီး ဘယ်လိုတိုင်းပြည်ကိုဖွဲ့စည်းမလဲ စတာတွေက လက်ရှိအချိန်ထိမရှင်းသေးပါဘူး။ ဒါတွေကို ရှင်းလင်းပြီးသဘောတူနိုင်မယ်ဆိုရင် မပါဝင်သေးတဲ့အဖွဲ့အစည်းတွေလည်း ပါဝင်လာနိုင်ပါတယ်။ ပထမက Federal Concept နှင့် ဒုတိယက တိုင်းပြည်ကို ဘယ်လိုပုံစံဖွဲ့စည်းရမလဲ၊ ပြည်နယ်နှင့် ပြည်ထောင်စုကြားမှာ အာဏာကို ဘယ်လိုခွဲဝေမလဲဆိုတာကို အားလုံးကြားမှာသဘောတူဖို့ လိုအပ်ပါတယ်။ ဘယ်အချိန်မှာ အားလုံးသဘောတူနိုင်မလဲဆိုတာကိုပြောရင်တော့ အချိန်ကာလကို ဘယ်သူကမှ သတ်မှတ်လို့မရနိုင်သော်လည်း Federal Concept ကိုတော့ အားလုံးသဘောတူဖို့ပဲလိုတယ်။ အဲဒါသဘောတူပြီးရင် အကောင်

အထည်ဖော်တာ၊ ဖွဲ့စည်းပုံရေးဆွဲတာတွေက ခဏလေးပဲဖြစ်ပါတယ်။ တချို့က တည်ဆောက်ရေးကို သွားနေပေမယ့် အဓိက ပြဿနာက ဒီအကြောင်းပဲ ဖြစ်ပါတယ်” ဟု ဦးအောင်ဆန်းမြင့် ပြောဆိုသည်။

လက်ရှိကြိုးစားနေမှုများနှင့် ပတ်သတ်ပြီး NUCC တွင် ပါဝင်သည့် အင်အားစု ၃၁ ဖွဲ့နှင့်ဆွေးနွေးနေတယ်ဟုလည်း ၎င်းက ဆိုသည်။ “ NUCC ၏ အခက်အခဲတစ်ခုက ဆုံးဖြတ်ချက်ချရင် Full Consensus ယူရတာ ဖြစ်ပါတယ်။ ဒီစကားလုံးကို အားလုံးလက်ခံထားမှု မတူပြန်ပါဘူး။ ကျွန်တော်တို့ အနေနဲ့ အဖွဲ့ ၃၁ ခု ရှိရင် ၂၅/၂၇ ဖွဲ့ သဘောတူရင် လက်ခံပေးသင့်တယ်လို့ ယူဆပါတယ်။ အခုက ငါတို့တစ်ဖွဲ့ သဘောမတူရင် မသွားရဘူးဆိုတဲ့ပုံစံလက်ကိုင်ထားတော့ အခက်အခဲရှိပါတယ်။ ဒါနဲ့ပါတ်သက်ပြီး ကြိုးစားပြီးတော့လုပ်ဆောင်နေတာတွေလည်းရှိပါတယ်။ ကိုယ့်အဖွဲ့အစည်း၊ တဦးတယောက်၏ အကျိုးစီးပွား စသဖြင့်မသွားဘဲ တိုင်းပြည်ကောင်းဖို့အတွက်ဆိုတဲ့ သဘောထားနှင့်သွားမှသာ ခရီးမြန်မြန်ရောက်မှာ ဖြစ်ပါတယ်။ NUCC အနေနဲ့က အခုနကပြောတဲ့Deadlockဖြစ်နေတဲ့အတွက်ဘယ်လိုမှ ရှေ့ဆက်သွားလို့ မဖြစ်နိုင်ဘူးလို့ မြင်မိပါတယ်” ဟု ဦးအောင်ဆန်းမြင့်က ရှင်းပြသည်။

ထို့ကြောင့် NUCC က မကြာခင် ပြည်သူ့ညီလာခံကျင်းပဖို့ရှိပြီး ဘယ်လိုပုံစံ ဆက်သွားကြမလဲ ဆိုတာကို ဆက်ဆွေးနွေးဖို့ရှိတယ်ဟု ဆိုပါသည်။ NUCC သည် Stakeholder အများစုပါဝင်သည့် ပလက်ဖောင်းဖြစ်ပေမယ့် နိုင်ငံရေး Stakeholder အားလုံး မပါဝင်နိုင်သေးတာကြောင့် NUCC က National Conference ကျင်းပပြီး တခြားမပါဝင်နိုင်သေးသည့် လက်နက်ကိုင်များ၊ အဖွဲ့အစည်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ အားလုံးပါဝင်သည့် ညီလာခံတရပ်ကို ဆက်ဆွေးနွေးဖို့ လိုသေးသည်ဟု ပြောသည်။

“ဒါမှသာ အနာဂါတ်ဖက်ဒရယ်အတွက် အကောင်းဆုံးပုံစံ ထွက်လာမှာဖြစ်ပါတယ်။ အဲလိုမျိုး အားလုံးက နားလည်မှုတွေရှိဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာကို ပညာရှင်တွေ ခွဲခြမ်းလေ့လာမှုတွေ အများကြီးလုပ်ကြပြီး တပြည်ထောင်စနစ်ကိုသွားနေတာတော်တော်ကြာခဲ့ပြီ။ ပြည်တွင်းစစ်ကလည်း နှစ်ပေါင်း ၇၀ ကျော်ခဲ့ပါပြီ။ မြန်မာနိုင်ငံငြိမ်းချမ်းရေးသွားဖို့က စနစ်ပြောင်းလဲဖို့လိုအပ်ပြီး အဲဒီစနစ်က ဖက်ဒရယ်ဒီမိုကရေစီဖြစ်တယ်လို့ အားလုံးက တသမတ်တည်းမှတ်ချက်ပေးထားကြပါတယ်။ Stakeholder အားလုံးက ဒါကိုသိထားဖို့လိုအပ်ပါတယ်။Confederation, Independenceကို ဒီနေ့အချိန်သွားမယ်ဆိုရင် နိုင်ငံတည်ငြိမ်အေးချမ်းအတွက်က အခက်အခဲရှိမည်လို့ ယူဆပါတယ်” ဟု ဦးအောင်ဆန်းမြင့်က ဆိုသည်။

"ကိုယ်က တည်ဆောက်နိုင်ရင်လည်း ဒီနေ့ခေတ်က Globalization ခေတ်အရ One State One Nation ဆိုတဲ့ Concept ဖြစ်တော့ တပြည်နယ်ထဲ၊ လူမျိုးတစ်မျိုးထဲနဲ့ ရပ်တည်နိုင်မလား စတာတွေကို စဉ်းစားဖို့လိုအပ်ပါတယ်။ အဓိကက မြန်မာနိုင်ငံ နိုင်ငံရေးပြဿနာကို ဘာစနစ်နဲ့ ဖြေရှင်းနိုင်မလဲဆိုတာကို စဉ်းစားဖို့ လိုအပ်တယ်။ ကရင်နီပြည်နယ်ကတော့ ဖက်ဒရယ်နဲ့ ဖြေရှင်းမှုရမယ်လို့ ယူဆတဲ့အတွက် ဖက်ဒရယ်စနစ်ကို သွားတာဖြစ်တယ်" ဟု ၎င်းက ပြောသည်။ ကရင်နီပြည်နယ်သည် သမိုင်းကြောင်းအရ သီးခြားလွတ်လပ်သည့် ပြည်နယ်ဖြစ်သော်လည်း ပထဝီနိုင်ငံရေး၊ ပတ်ဝန်းကျင်နိုင်ငံရေးအပေါ် အခြေခံပြီး ၂၀၀၁ ခုနှစ်မှသာ စတင်ပြီး ဖက်ဒရယ်ဒီမိုကရေစီသွားဖို့ဆိုပြီး စဉ်းစားခဲ့ကြတာ ဖြစ်တယ်ဟု ဆိုသည်။

"ဖြစ်ချင်တာထက် ဖြစ်သင့်တာဆိုပြီး စဉ်းစားခဲ့တာဖြစ်တယ်။ Confederation, Independence တို့ကို သွားမယ်ဆိုရင် နိုင်ငံတကာဖိအားနှင့် အသိမှတ်ပြုမှုဆိုင်ရာ ဖိအားများစွာရှိလာမှာဖြစ်တယ်။ အကောင်းနှင့်အဆိုး အကျိုးဆက်များစွာ ဖြစ်လာနိုင်တယ်။ ဒါကြောင့် နိုင်ငံရေးတန်းတူမှု အာမခံချက်ကိုရှာထားပြီး သေချာချမှတ်ထားနိုင်ရင် မပါဝင်နိုင်သေးသည့် အဖွဲ့အစည်းအားလုံးက ဒီဖက်ဒရယ်အောက်ကို ဝင်လာနိုင်ချေရှိတယ်။ ပြဿနာက အဲဒါကိုမချမှတ်နိုင်သေးတော့ တစ်ယောက်က Confederation, Independence စသဖြင့် အော်ကြတာဖြစ်တယ်" ဟု ဦးအောင်ဆန်းမြင့်က ရှင်းပြပါသည်။ [4]

4 BNI-MPM မှ ဦးအောင်ဆန်းမြင့် (၃၀၇၂၅ - ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ) နှင့် ပြုလုပ်ခဲ့သော အင်တာဗျူးမှ ထုတ်နုတ်ချက်။

# ၄.၂။ ချင်း

စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဆန့်ကျင်တော်လှန်ပုန်ကန်မှုများတွင် ချင်းပြည်နယ်သည်လည်း အဓိက ဇာတ်ဆောင်နေရာမှ ပါဝင်လာပါသည်။ အထူးသဖြင့် မြို့နယ်အလိုက် ချင်းဒေသကာကွယ်ရေး တပ်ဖွဲ့များနှင့် လူမျိုးစုအလိုက် ကာကွယ်ရေးတပ်ဖွဲ့များ အများအပြား ပေါ်ပေါက်လာခဲ့ပါသည်။ ရှိရင်းစွဲ ချင်းအမျိုးသား တပ်မတော် (CNA)၊ ချင်းအမျိုးသား တပ်ဦး (CDF) ၏ အင်အားများလည်း များပြားလာသကဲ့သို့ ခိုင်မာစနစ်ကျသည့် စုဖွဲ့မှုများလည်း ပိုမိုပီပြင်လာခဲ့သည်။ သို့သော် နိုင်ငံရေးတွင် လူမျိုးစုအမှတ်လက္ခဏာ များပြားသော ချင်းပြည်နယ်တွင် မတူညီသောရပ်တည်ချက်များ၊ လူမျိုးစုအချင်းချင်းမယုံကြည်မှု ပြဿနာများ အစရှိသော ပြဿနာများကိုလည်း တွေ့ရပါသည်။ ချင်းပြည်နယ်တွင် ချင်းလူမျိုးလက်နက်ကိုင်တပ်ဖွဲ့များ၏ နယ်မြေ စိုးမိုးမှုအောက်၌ ၉၀ ရာခိုင်နှုန်းခန့်ရှိပြီး အုပ်ချုပ်ရေးယန္တရားများကို ဒေသ၊ မြို့နယ်အလိုက် စနစ်တကျ လည်ပတ်နေကြပြီ ဖြစ်သည်။

သို့သော် ချင်းပြည်နယ်တခုလုံးကို လွှမ်းခြုံနိုင်သော ပြည်နယ်အစိုးရများ ဖွဲ့စည်းခြင်းကိုတော့ ဖွဲ့စည်းနိုင်ခြင်း မရှိကြသေးပါ။ ICNCC ကို စတင်ဖွဲ့စည်းခဲ့ကြပြီး ထိုအထဲတွင် ချာတာရေးပြီး အုပ်ချုပ်ရေးယန္တယား တည်ဆောက်ရန် ကြိုးပမ်းခဲ့ကြသော်လည်း အောင်မြင်မှုမရှိခဲ့ခြင်းကြောင့် နောက်ပိုင်းတွင် ကိုယ်စားလှယ် စုစုပေါင်း ၁၀၈ ဦး ပါဝင်သော ချင်းလဲန်းကောင်စီ (Chinland Council) ကိုသာ ဖွဲ့စည်းနိုင်ခဲ့ကြပါသည်။ ထိုချင်းလဲန်းကောင်စီမှ တဆင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးများကို အကောင်အထည်ဖော်ရန်အတွက် WCCCC ဖွဲ့ပြီး လုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့အပြင် ချင်းလဲန်းကောင်စီတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အလိုက် ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့များ၊ မြို့နယ်

နှင့်ဒေသ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ စသည်ဖြင့် ပါဝင်ကြပါသည်။ သို့သော် အချို့သော ဒေသကာကွယ်ရေးအဖွဲ့များ မပါဝင်နိုင် ကြသေးသည်ကိုလည်း တွေ့ရှိရပါသည်။

ချင်းလဲန်းကောင်စီအနေဖြင့် တော်လှန်ရေးကာလအတွင်းတွင် ချင်းပြည်အခြေခံဥပဒေ တခု ပေါ်ပေါက်လာရန်အတွက်ရည်ရွယ်ပြီး ထိုအခြေခံဥပဒေ ပြီးမြောက်ပါက အဆိုပါဥပဒေ ကိုအခြေခံပြီး ချင်းပြည်ကောင်စီကို ဖွဲ့စည်းမည်ဟုသိရှိရပါသည်။အဆိုပါအခြေခံဥပဒေနှင့် အညီ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးတို့ကို ဖော်ဆောင်သွားမည်ဖြစ်သည်။ ထိုကာလအတွင်းတွင် မပါဝင်သေးသည့်အဖွဲ့အစည်းများကိုလည်း ပါဝင်နိုင်အောင် ညှိနှိုင်း သွားမည်ဖြစ်သည်။ ချင်းပြည်နယ်အနေဖြင့် ဖယ်ဒရယ်ယူနစ်တခု ပေါ်လာနိုင်သည့် အထိ ကြိုးပမ်းသွားမည်ဖြစ်ပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့်လည်း ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်သည်။ [5]

ထို့အပြင် နောက်ထပ်အရေးကြီးသော အဖွဲ့အစည်းတခုမှာ ချင်းလဲန့်ကာကွယ်ရေး ပူးတွဲကော်မတီ (Chinland Joint Defense Committee) ဖြစ်သည်။ အဆိုပါကော်မတီ၌ ချင်းအမျိုးသားတပ်ဦး၊ ချင်းအမျိုးသား တပ်မတော်အပြင် မြို့နယ်အလိုက် ချင်းဒေသ ကာကွယ်ရေးတပ်ဖွဲ့ အနည်းဆုံး ၁၇ ဖွဲ့ခန့် ပါဝင်ဖွဲ့စည်းခဲ့ကြပြီး လုံခြုံရေး၊ ကာကွယ်ရေး ဆိုင်ရာကိစ္စရပ်များကို CJDC တွင် အဓိက ဆွေးနွေးပြောဆိုကြပါသည်။ ချင်းပြည်နယ်တွင် နိုင်ငံရေးအရသာမက၊ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများအကြားတွင် ဆွေးနွေးပြောဆိုကြရ မည့် အကြောင်းအရာများစွာ ကျန်ရှိနေပါသေးသည်။ ချင်းပြည်နယ်အနေဖြင့် တစ်နိုင်ငံလုံး ချီပြီး စဉ်းစားချက်များထက် ချင်းပြည်နယ်အတွင်းမှ လူမျိုးစုများအတွင်း၊ လက်နက်ကိုင် တပ်ဖွဲ့များအတွင်း ဘုံသဘောတူညီချက်များ ရရှိနိုင်ရေးအတွက် ကြိုးပမ်းနေကြသည်ကို တွေ့ရှိရပါသည်။

5 အကြောင်းအရာ : WCCCC ဖွဲ့စည်းခြင်း၊ ရည်ရွယ်ချက်နှင့် လက်ရှိအခြေအနေ https://www.facebook.com/watch/?v=1085761285740331

# ၄.၃။ စစ်ကိုင်း

စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်ကိုင်းတိုင်းသည် စစ်ကောင်စီတပ်ဖွဲ့များနှင့် ခုခံတိုက်ခိုက်မှု အပြင်းထန်ဆုံးဒေသတခုထဲတွင် ပါဝင်ပါသည်။ ထို့အပြင် အာဏာသိမ်းပြီးနောက်ပိုင်း၌အသစ်ပေါ် ပေါက်လာသော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ အရေအတွက်အများဆုံးဒေသလည်းဖြစ်သည်။ အချို့သော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၏ လက်အောက်ခံတပ်ဖွဲ့များဖြစ်သော်လည်း တချို့မှာ သီးသန့်ဖွဲ့စည်းထားကာ တခြားသောတိုင်းရင်းသားတော်လှန်ရေးတပ်ဖွဲ့များ၏ အကူအညီများဖြင့် ဖွဲ့စည်းထားကြခြင်းဖြစ်သည်။ အရင်းအမြစ်ရှားပါးသော ဒေသများဖြစ်သောကြောင့် အစကနဦးပိုင်းတွင် အဖွဲ့အစည်းများတခုနှင့်တခုအကြား ပွတ်တိုက်မှုများကို ရံဖန်ရံခါ တွေ့ရှိရပါသည်။

ထို့နောက် တော်လှန်ရေးအရ အားကောင်းလာသည့်အချိန်တွင် နိုင်ငံရေးအရဖြစ်စေ၊ စစ်ရေးအရဖြစ်စေ၊ အခြားသောပေါင်းစပ်ညှိနှိုင်းမှုများကို လိုအပ်လာသောကြောင့် စစ်ကိုင်းဖိုရမ်ကို စစ်ကိုင်းတိုင်းမှ အရပ်ဘက်၊ စစ်ဘက်အင်အားစုများ စုပေါင်းပြီး ကျင်းပခဲ့ကြသည်။ စစ်ကိုင်းတိုင်း မြို့နယ်ပေါင်း ၂၈ မြို့နယ်မှ အဖွဲ့အစည်းပေါင်း ၁၇၃ ဖွဲ့ခန့် တက်ရောက်ခဲ့ကြပါသည်။ [6] ဆွေးနွေးခဲ့ကြရာတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စစ်ရေးကဏ္ဍများအပြင် အနာဂတ်တွင် တိုင်းအတိုင်ပင်ခံကောင်စီတခု ဖြစ်လာကြဖို့ ရည်ရွယ်ချက်နှင့် အကောင်အထည်ဖော်ခဲ့ကြခြင်းဖြစ်သည်။ ဖိုရမ်ကို နောက်ဆက်တွဲ ဒုတိယအကြိမ်၊ တတိယအကြိမ် စသဖြင့် ကျင်းပကြမည်ဟု ကြေညာထားကြပြီး ယခုအခါတွင် ဒုတိယအကြိမ်အဖြစ် ကျင်းပရန် ပြင်ဆင်ပြုလုပ်နေကြပါသည်။

6 BBC Burmese, Jun 1, 2023 ""တော်လှန်ရေးအရွေ့ပိုပြီး ရွေ့အောင်" ဆိုတဲ့ စစ်ကိုင်းဖိုရမ် ဘယ်အထိရွေ့မလဲ"-Weblink- https://www.bbc.com/burmese/articles/cw4vld2lnmko

စစ်ကိုင်းဖိုရမ်၏ ထူးခြားချက်မှာ ဗမာပြည်နယ် (သို့) ဗမာအခြေပြု ဖက်ဒရယ်ယူနစ်တခုတွင် ထူးခြားစွာ ပေါ်ပေါက်လာသည့် စစ်ရေး၊ နိုင်ငံရေး စုပေါင်းမှုပလက်ဖောင်းတခုဖြစ်ခြင်းဖြစ်သည်။ များပြားလှသော လက်နက်ကိုင်တပ်ဖွဲ့များ စုပေါင်းရာဒေသတွင် ဆွေးနွေးရမည့် အကြောင်းအရာများမှာ ရှုပ်ထွေးပြီး ဘုံသဘောတူညီချက်ရရှိရန် ခက်ခဲလိမ့်မည် ဖြစ်သည်။ အထူးသဖြင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို မည်ကဲ့သို့ ချဉ်းကပ်ကြမည်နည်း၊ ဗမာယူနစ်တခုအဖြစ် (သို့) ရှိရင်းစွဲ စစ်ကိုင်းတိုင်းအဖြစ် ချဉ်းကပ်ကြမည်လောဟူသော မေးခွန်းများသည် စစ်ကိုင်းဖိုရမ်အတွက် ခက်ခဲသော မေးခွန်းများ ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် စစ်ကိုင်းဖိုရမ်သည် အခြားသောဗမာအများစု တပ်ဖွဲ့များရှိသော မကွေးတိုင်း၊ မန္တလေးတိုင်း အစရှိသည့် တိုင်းဒေသကြီးများအတွက် မိုဒယ်တခုအဖြစ်ရှုမြင်ခံရပြီး အဆိုပါမိုဒယ် အောင်မြင်ပါက အခြားသောဒေသများမှလည်း ပုံစံတူ နိုင်ငံရေးဆွေးနွေးပွဲများ၊ ဖိုရမ်များကျင်းပလာကြမည်ဖြစ်သည်။ ထိုကဲ့သို့သောဖိုရမ်များ အောက်ခြေမှ အပြိုင်အဆိုင်ပေါ်ပေါက်လာခြင်းကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့် မည်ကဲသို့ရှုမြင်သနည်းဟူသော မေးခွန်းမှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ အထူးသဖြင့် စင်ပြိုင်တည်ထောင်မှုတခုအဖြစ်ဝေဖန်ကြသော်လည်း စစ်ကိုင်းဖိုရမ် ကျင်းပသူ များက ပြန်လည်ရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြပါသည်။

စစ်ကိုင်းတိုင်းသည် ဗမာအများစုနေထိုင်ကြသော တိုင်းဒေသကြီးများအတွက် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတွင် စံပြုစရာဒီဇိုင်းတခုအဖြစ် အသိအမှတ်ပြုဖော်ပြကြပါသည်။ သို့သော် မည်ရွေ့မည်မျှအထိ အလုပ်ဖြစ်မည်နည်းဟူသော အချက်မှာကား လေ့လာစောင့်ကြည့်ရန် လိုအပ်ပါသည်။ အထူးသဖြင့် စစ်ကိုင်းဖိုရမ်သည် လက်နက်ကိုင်တပ်ဖွဲ့များ အချင်းချင်းအကြား အငြင်းပွားမှုများကိုဖြေရှင်းရန် ပလက်ဖောင်းတခုအဖြစ်

အကောင်အထည်ဖော်ဆောင်ရွက်နိုင်လျှင် စစ်ကိုင်းဖိုရမ်၏ ရည်ရွယ်ချက်များမှာ ပြည့်မီသည်ဟု ယူဆရမည်ဖြစ်သည်။ ထို့အပြင် ကြားကာလများတွင် စစ်ဘေးရှောင်ဒုက္ခသည်များ အရေး အစရှိသော လူမှုဒုက္ခပြဿနာများကို စစ်ကိုင်းဖိုရမ်တွင် အလေးအနက်ဆွေးနွေးကြပြီး အကောင်အထည်ဖော်ဆောင်မှု ယန္တရားများကိုလည်း ဖော်ထုတ်ရန် လိုအပ်ပါသည်။

# ၅။ မြန်မာနိုင်ငံအတွက် သင့်တော်သည့် ဖက်ဒရယ်ဒီမိုကရေစီပုံစံ

မြန်မာနိုင်ငံ၏ ပြဿနာကိုဖြေရှင်းရန်အတွက် ဖက်ဒရယ်ဒီမိုကရေစီစနစ်သည်သာ လက်တွေ့ကျသည်ဟု လေ့လာသုံးသပ်သူအားလုံး လက်ခံသဘောတူထားသည် ဖြစ်သော်လည်း ဖက်ဒရယ်စနစ်ဟုဆိုရာတွင် ပုံစံမျိုးမျိုးရှိသည်ဖြစ်ရာ မြန်မာနိုင်ငံအတွက်သင့်တော်သည့် ဖက်ဒရယ်ပုံစံကိုချဉ်းကပ်ရာတွင် ဖက်ဒရယ်စနစ်၏ အခြေခံ၊ နိုင်ငံ၏သမိုင်းကြောင်းရာနှင့် လက်တွေ့ပြဿနာများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ဖက်ဒရယ်ဥပဒေရေးရာကျွမ်းကျင်သူ ဦးအောင်ထူးက ရှင်းပြခဲ့သည်။

ဖက်ဒရယ်ယူနစ်ဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်သည် တန်းတူညီမျှမှုကို ရှာရန်ဖြစ်ပြီး သမိုင်းကြောင်းအရ ၁၉၆၁ ခုနှစ် တောင်ကြီးညီလာခံတွင် မြန်မာအပါအဝင် တိုင်းရင်းသားများက ၈ ပြည်နယ်မူကို သဘောတူညီခဲ့ကြသည်။ ထိုမူပေါ်အခြေခံပြီး မာနယ်ပလောလွတ်မြောက်နယ်မြေတွင် ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲခဲ့ရာ ၈ ပြည်နယ်ဟု အတည်ကန့်သတ်မည့်အစား အမျိုးသားပြည်နယ် (တိုင်းရင်းသားပြည်နယ် ၇ ခုနှင့် ဗမာပြည်နယ်) နှင့် အမျိုးသားများပြည်နယ် (၉၊၁၀၊၁၁) ဟု သဘောတူသတ်မှတ်ထားခဲ့ကြသည်။

ထို့ကြောင့် ယခုအချိန်တွင် မေးမြန်းစရာဖြစ်နေသော ဗမာပြည်နယ်ဖွဲ့စည်းခြင်းနှင့် ပတ်သက်ပြီး ဗမာအများစုနေထိုင်ကြသော စစ်ကိုင်း၊ မကွေး၊ မန္တလေးစသည့် ဒေသများကို စုစည်းပြီး မြန်မာပြည်နယ်ဖွဲ့စည်းနိုင်လျှင် သမိုင်းကြောင်းအရ ပိုသင့်တော်ပြီး မျှတမည်ဖြစ်သည်။ လက်ရှိမြန်မာ့နိုင်ငံရေးပြဿနာကို ၈ ပြည်နယ်မူကို အခြေခံပြီး ပြည်နယ်များ ထပ်တိုးချဲ့လို့ရသော ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးနှင့် ညှိနှိုင်းရေး

**လက်ရှိမြန်မာ့နိုင်ငံရေးပြဿနာကို ဇ ပြည်နယ်မူကို အခြေခံပြီး ပြည်နယ်များ ထပ်တိုးချဲ့လို့ရသော ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးနှင့် ညှိနှိုင်းရေး ကော်မတီ (FCDCC) မူကို အခြေခံလျှင် ဖြေရှင်းလို့ရမည်ဖြစ်ကြောင်း**

ကော်မတီ (FCDCC) မူကို အခြေခံလျှင် ဖြေရှင်းလို့ရမည်ဖြစ်ကြောင်းလည်း ပြောဆိုခဲ့သည်။

ထို့အပြင် လက်ရှိမြန်မာနိုင်ငံတွင် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို သွားရန် အတွက် လိုအပ်သည့်အဆင့်များကိုလည်း တဆင့်ချင်းဖော်ပြထားသည်။ အဆင့် (၁) အနေဖြင့် အစုအဖွဲ့အားလုံး ဖက်ဒရယ်စနစ်၏ အနှစ်သာရနှင့်အဓိပ္ပါယ်ကိုနားလည်လက်ခံ ဖို့လိုအပ်ပြီး ဖက်ဒရယ်စနစ်သည် သီးခြားဖြစ်နေသော နိုင်ငံ၊ ပြည်နယ်၊ နိုင်ငံရေး စုဖွဲ့မှုများ ကိုဆက်စပ်လွှမ်းခြုံမှုရှိသော နိုင်ငံရေးစနစ်တခုအတွင်းတွင် တစုတစည်းတည်း ဖြစ်အောင် ပေါင်းစည်းပေးမှုဖြစ်သည်။ အဆင့် (၂) အနေဖြင့် ထိုနိုင်ငံရေးစနစ်အောက်တွင် ပြည် ထောင်စု ဖွဲ့စည်းရာတွင် ပါဝင်သော ယူနစ်တစ်ခုချင်းစီသည် မိမိတို့၏ ကိုယ်ပိုင်တည်ရှိမှုကို ထိန်းသိမ်းထားနိုင်ခြင်း ဖြစ်သည်။ အဆင့် (၃) တွင် ဖက်ဒရယ်စနစ် ဆက်ဆံရေးသည် အမြဲရာသက်ပန်တည်ရှိသည့် ပြည်ထောင်စုသဘောတူညီမှု (Perpetual Covenant of The Union) အပေါ် အခြေခံရမည်ဖြစ်ပြီး လိုချင်သည့်ဖက်ဒရယ်စနစ်၏ Concept များကို ထိုသဘောတူညီမှုအပေါ်တွင် ထားရှိရန် လိုအပ်သည်။

ထိုအပေါ်အခြေခံပြီး စာနှင့်ရေးထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို သုံးရမည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် မျှဝေအုပ်ချုပ်မှု (Self-Rule and Share Rule) အပေါ်အခြေခံပြီး အာဏာခွဲဝေမှုကို ကျင့်သုံးရမည်။ ဖက်ဒရယ်အစိုးရသည် ပြည်နယ်များက စေလွှတ်သော ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန်လိုအပ်သည်။ ထို့ကြောင့် ပြည်နယ်တိုင်းတွင် ကိုယ်ပိုင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခွင့်ရှိရမည်။ အဆင့်(၄)အနေဖြင့်ဗဟိုချုပ်ကိုင်မှုနည်းအောင် သို့မဟုတ်(Optimal Centralization)ဟုခေါ်သောသင့်တင့်မျှတသည့်ချုပ်ကိုင်မှုဖြစ်အောင် လုပ်ဆောင်ရမည်။ အဆင့် (၅) တွင် ပြည်နယ်တစ်ခုချင်းစီ အတွင်းတွင် မတူကွဲပြားသည့် အုပ်စု/လူမျိုးကို လိုက်လျောညီထွေဖြစ်အောင် နေရာချထားပေးရန် လိုအပ်သည်။

အဆင့် (၆) အနေဖြင့် အုပ်ချုပ်ရေးတွင် အဆင့်သုံးဆင့်ရှိကာ ဖက်ဒရယ်အဆင့်၊ ပြည်နယ်အဆင့်နှင့် ဒေသန္တရ အဆင့်များ ဖြစ်ပြီး အဆင့်တိုင်းတွင် ဒီမိုကရေစီကိုအခြေခံသော အုပ်ချုပ်ရေးစနစ်ဖြင့် နိုင်ငံရေးအရ ပေါင်းစည်းရမည်ဖြစ်သည်။အဆင့်(၇)တွင် ပြည်ထောင်စုမှ ဗဟိုချုပ်ကိုင်မှုကို မကျင့်သုံးသည့် နိုင်ငံရေးပါတီစနစ် ပေါ်ပေါက်လာရန် ဖြည့်ဆည်းပေးရမည်။ နောက်ဆုံးအဆင့်အနေဖြင့် ညှိနှိုင်းဆွေးနွေး၍ မရသေးသည့် ပြဿနာများအတွက် တရားရုံး၏အဆုံးအဖြတ်ကို ခံယူလိုက်နာရန် ဖော်ဆောင်ရမည်။ ထိုအချက်များနှင့်ပြည့်စုံပြီး ပိုင်းဝန်းဆောင်ရွက်မှသာ မြန်မာနိုင်ငံတွင် ဖက်ဒရယ်ဒီမိုကရေစီစနစ် အောင်မြင်နိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြထားသည်။

ယခုအချိန်တွင် လုပ်ဆောင်လျက်ရှိကြသော ပြည်နယ်ဖက်ဒရယ်ယူနစ်များ၏ အားနည်းချက်၊ အားသာချက်များနှင့် မည်သို့မည်ပုံလုပ်ဆောင်သွားသင့်သည်များကို ထောက်ပြချက်များအရ ပြည်နယ်များက ပြည်နယ်ဖက်ဒရယ်ယူနစ်ကို စနစ်တကျအုတ်မြစ်ချပြီး လုပ်ဆောင်လျှင် အောင်မြင်နိုင်ချေရှိပြီး ယခုအချိန်ထိ စနစ်တကျ လုပ်ဆောင်နိုင်ခြင်း မရှိသေးသည်ကို တွေ့ရကြောင်းထောက်ပြထားသည်။ လက်ရှိတိုင်းရင်းသား ပြည်နယ်များတွင် ဥပဒေလမ်းကြောင်း မလုပ်ဆောင်နိုင်သေးခြင်းသည် အားနည်းချက်တစ်ခုဖြစ်သည်။

လက်ရှိဖော်ဆောင်နေကြသော အုပ်ချုပ်ရေးပုံစံများသည် ဥပဒေကိုအခြေခံသည့် အုပ်ချုပ်ရေး မဟုတ်သည့်အပြင် အုပ်ချုပ်ရေး၏ အားသာချက်၊ အားနည်းချက်များကို ကြီးကြပ်သည့် တရားစီရင်ရေးလည်း မရှိသေးပါ။ ပြည်နယ်များတွင် အခြေခံဥပဒေ ရှိရမည်ဖြစ်ပြီး ကြားကာလအုပ်ချုပ်ရေးကောင်စီဟူသော အမည်ကို မသုံးစွဲဘဲ အစိုးရဆိုသည့် အသုံးအနှုန်းကို သုံးရမည် ဖြစ်သည်။ ထိုမှတဆင့် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးကို စနစ်တကျလုပ်ဆောင်နိုင်လျှင် ပြည်နယ်ဖက်ဒရယ်ယူနစ် အားကောင်းလာမည်ဖြစ်သည်။

ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေတွင်လည်း ပြည်သူလူထု၏ အခြေခံ လူ့အခွင့်အရေးကို ထည့်သွင်းဖော်ပြရမည်။ မြန်မာနိုင်ငံနှင့်သင့်တော်သော ဖက်ဒရယ်ဒီမိုကရေစီစနစ်သည် Provincial Sovereignty ဟု ခေါ်သော တိုင်းရင်းသားပြည်နယ်များတွင် အချုပ်အခြာပိုင်သောဖက်ဒရယ်စနစ်ဖြစ်သည်။ ထို့ကြောင့် ပြည်နယ်များသည်သာ အဓိက ဖြစ်ပြီး ပြည်နယ်ထဲရှိ မျိုးနွယ်စုအကြား၊ မတူညီသည့် တိုင်းရင်းသားလူမျိုးအကြား ပြဿနာများကို ပြည်နယ်တွင် ညှိနှိုင်းရမည်ဖြစ်သည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်လျှင် တိုင်းရင်းသားပြည်နယ်များတွင် ဖက်ဒရယ်ယူနစ် အားကောင်းလာမည်ဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး ပိုမိုပီပြင်လာမည်ဖြစ်သည်ဟု ဆက်လက်သုံးသပ်ထားသည်။

# ၆။ မူဝါဒရေးရာ အကြံပြုချက်များနှင့် နိဂုံး

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံရေးသည် အချိုးအကွေ့တခု အဖြစ် မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်နေခဲ့ပြီ ဖြစ်သည်။ အထူးသဖြင့် လက်နက်ကိုင် တပ်ဖွဲ့အသစ်များစွာပေါ်ပေါက်လာပြီး စစ်ကောင်စီ၏ စစ်ရေး၊ နိုင်ငံရေးအကျပ်အတည်းကို ထင်ထင်ရှားရှားတွေ့မြင်နိုင်ပါသည်။ ထို့အပြင် ဒီမိုကရေစီစနစ် ပြန်လည်ရရှိရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု အကောင်အထည်ဖော်ရေးတို့သည် မျှခြေတခုအဖြစ် ရောက်ရှိလာ ကြပြီး နိုင်ငံသစ်တည်ဆောက်ရေး မျှော်မှန်းချက်များ အားကောင်းလာခဲ့ ပါသည်။

သို့သော် အကောင်အထည်ဖော်မှုအပိုင်းတွင် မျှော်မှန်းမထားသည့် လူမျိုးစုဆိုင်ရာ ပြဿနာများ၊ လက်နက်ကိုင်တပ်ဖွဲ့များ များပြားသောကြောင့် ဘုံသဘောတူညီချက်များ ရရှိရန် ပိုမိုခက်ခဲခြင်းများ၊ လူမျိုးစုအချင်းချင်းအကြား နယ်နိမိတ်ပြဿနာများ၊ ပြည်နယ် သစ်ပေါ်ထွန်းရေးအတွက် လိုအပ်သည့်အခြင်းအရာများ အစရှိသောကိစ္စရပ်များက ဆွေးနွေး မှုများကို ပိုမိုရှုပ်ထွေးစေပါသည်။ ထို့ကြောင့် ဖြစ်ပွားတိုးတက်မှု၌ အမြန်ဆန်ဆုံးဖြစ်သော ကရင်နီ၊ ချင်းနှင့် စစ်ကိုင်းတို့ကို အဓိကလေ့လာပြီး ယခုသုတေသနတွင် ဖော်ပြထားရှိပါ သည်။

မြန်မာနိုင်ငံအတွက် ယခင်ကစဉ်းစားခဲ့ကြသော ဖက်ဒရယ်ပြည်ထောင်စု တည် ဆောက်ရေးအတွက် မိုဒယ်၊ ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုများသည် စနစ်တကျ အကောင်အထည်ဖော်နိုင်မည်ဆိုလျှင် အလုပ်ဖြစ်နိုင်ခြေ ရှိသော်လည်း ထပ်မံလိုအပ်သည့် စဉ်းစားချက်များကိုလည်း ထည့်သွင်းဖို့လိုအပ်သည်။ အထူးသဖြင့် လက်နက်ကိုင်တပ်ဖွဲ့ အသစ်များ ပေါ်ထွန်းလာပြီး ပြည်နယ်အသစ်တောင်းဆိုရေး စဉ်းစားချက်များ၊ လူမျိုးစု အချင်းချင်းအကြား နယ်မြေပိုင်ဆိုင်မှုအငြင်းပွားခြင်းများ၊ လက်နက်အင်အား တောင့်တင်း

> **အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး စကားဝိုင်း တိုင်းတွင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးသည် မလွဲမသွေညှိနှိုင်းရမည့် အရေးကြီးဆုံးကိစ္စတခုဖြစ်လာမည်ဖြစ်သည်။**

သောအဖွဲ့အစည်းများ၏ နောက်ခံပံ့ပိုးပေးမှုများကြောင့် စစ်ရေးအင်အား၊ နိုင်ငံရေးအင်အား ချိန်ခွင်လျှာပြောင်းလဲလာခြင်းများသည် အနာဂတ်မြန်မာနိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး စဉ်းစားချက်များကို ရိုက်ခတ်မှု အများအပြားရှိပါသည်။

ဖက်ဒရယ်ဒီမိုကရေစီ တည်ထောင်ရန်အတွက် အဓိကအဟန့်အတားအဖြစ် တွေ့ရှိရသည့် အဖွဲ့အစည်း၊ ပါဝင်ပတ်သက်သူများအကြား ဘုံသဘောတူညီသည့် ဖက်ဒရယ် အနက်အဓိပ္ပာယ် မရှိခြင်းများကြောင့် တချို့သော အင်အားကြီးသည့်အဖွဲ့များကို ကွန်ဖယ်ဒရေးရှင်း တောင်းဆိုလာအောင် တွန်းပို့သလို ဖြစ်နိုင်ပြီး တောင်းဆိုလာသည့် အဖွဲ့အစည်းများ များပြားလာနိုင်သည့်အပြင် ထိုအဖွဲ့များ၏ အာဏာ၊ ပါဝါများ များပြားလာခြင်းကြောင့် သြဇာကျယ်ပြန့်လာခြင်းများ ဖြစ်နိုင်ပါသည်။ ထိုအခြေအနေတွင် မူဝါဒချမှတ်သူများအနေဖြင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး စဉ်းစားချက်အား နှုန်းစံအခြေပြုအဖြစ် စဉ်းစားထားရှိရန် လိုအပ်ပြီး နိုင်ငံရေးအားဖြင့် ညှိနှိုင်းဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ထားမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။

ထို့အပြင် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် ဖက်ဒရယ်ယူနစ် အသစ်များ ပေါ်လာနိုင်ခြေရှိသည်ကိုလည်း သတိပြုမိရန်လိုအပ်ပါသည်။ အထူးသဖြင့် ရှမ်းပြည်နယ်တွင် အခြားသော တိုင်းရင်းသားတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့များက ပြည်နယ်အသစ်ပေါ်ထွန်းရေးကို တောင်းဆိုလိုပါက မည်ကဲ့သို့ဖြေရှင်းကြမည်နည်းဟူသော စဉ်းစားချက်ကို ကြိုတင်ဆွေးနွေးထားရန် လိုအပ်ပါသည်။ ပြည်နယ်အသစ် ဖွဲ့စည်းရန်အတွက် လိုအပ်သည့်အချက်များကိုလည်း မူဝါဒများအဖြစ် ချမှတ်ထားရန် လိုအပ်ပါသည်။ သို့မှသာ လက်နက်အင်အားအခြေပြု စဉ်းစားချက်များမှ ကင်းလွတ်ပြီး အရပ်ဘက်စိုးမိုးမှုနှင့် မူဝါဒအခြေပြု နိုင်ငံရေးဆွေးနွေးချက်များကို ဖန်တီးနိုင်မည် ဖြစ်ပါသည်။

နောက်ဆုံးတခုမှာ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး စကားဝိုင်းတိုင်းတွင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးသည် မလွဲမသေညှိနှိုင်းရမည့် အရေးကြီးဆုံးကိစ္စတခုဖြစ်လာမည်ဖြစ်သည်။ ထိုသို့မဆွေးနိုင်ပါက မည်သည့်နိုင်ငံရေးသဘောတူညီချက်မှ ရေရှည်တည်တံ့နိုင်မည်မဟုတ်ဘဲ လုံခြုံရေးဆိုင်ရာ ပြဿနာများနှင့်သာ လုံးလည်ချာလည်လိုက်နေဦးမည် ဖြစ်သည်။ ထို့အပြင် အဖြေများကို ဆွေးနွေးညှိနှိုင်းကြရာတွင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနည်းလမ်းအသစ်များကိုလည်း တီထွင်ကြံဆရန်လည်း လိုအပ်ကောင်းလိုအပ်မည် ဖြစ်သည်။ စိန်ခေါ်မှုအသစ်များကို ဖြေရှင်းနိုင်ရန်အတွက် စိတ်ကူးစိတ်သန်းအသစ်များဖြင့် နိုင်ငံရေးရင့်ကျက်မှုများကို ပါဝင်ဘက်များအားလုံးအကြားတွင် လက်ခံထားနိုင်ရန် အရေးကြီးပါသည်။

*မှတ်ချက်။ ။*
*(ယခုအစီရင်ခံစာပါ တင်ပြချက်များသည် သုတေသနလုပ်ငန်းစဉ်နှင့် တွေ့ဆုံမေးမြန်းမှုများရရှိသည့် တွေ့ရှိချက်များသာဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်)*

စိန်ခေါ်မှုအသစ်များကို ဖြေရှင်းနိုင်ရန်အတွက်
စိတ်ကူးစိတ်သန်းအသစ်များဖြင့် နိုင်ငံရေးရင့်ကျက်မှုများကို
ပါဝင်ဘက်များအားလုံးအကြားတွင် လက်ခံထားနိုင်ရန်
အရေးကြီးပါသည်။

BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR